နေ့စွဲ – ၆. ၂. ၂၀၁၁

## ခရစ်တော်ဆိုသည့်အမည်အကြောင်း
(The Name Christ)

ခရစ်တော်ဆိုသောအမည်သည် ယေရှုဆိုသောအမည်နှင့်အမျိုးအစားအရခြားနားပါသည်။ ယေရှုဆိုသည်မှာ သူ၏ပုဂ္ဂလိကအမည်ဖြစ်ပြီး၊ ခရစ်တော်ဆိုသည်မှာ သူ၏ဘွဲ့အမည်ဟုပြောရပါမည်။ အခြားသောဘွဲ့အမည်များဖြစ်ကြသည့်၊ သမ္မတ၊ ဝန်ကြီးချုပ်၊ လွှတ်တော်အမတ် စသည်တို့နှင့်တူပါသည်။ ခရစ်တော်ဆိုသည့်အမည်က ဘုရားသခင့်နိုင်ငံတော်ရှိ ယေရှု၏ အဆင့်အတန်းနှင့်အလုပ်ကို ဖေါ်ပြပါသည်။

ထို့အတွက်ကြောင့် ယေရှုကို တခါတရံ ခရစ်တော်ဟုခေါ်ခြင်းဖြစ်သည်၊ တစုံတဦးကို သမ္မတကြီးဟုခေါ်သည်နှင့်အတူတူပင်ဖြစ်ပါသည်။ ခြားနားချက်မှာ ခရစ်တော်ဆိုသည့်အမည်ဖြစ်သည်၊ တခြားခရစ်တော် မရှိခဲ့ဘူးသလို နောက်လဲ ရှိမည်မဟုတ်ပါ။

ခရစ်တော်၏အဓိပ္ပါယ်မှာ ဘိသိတ်ပေးခြင်းခံရသူ ဖြစ်ပါသည်။ (ဓမ္မဟောင်းခေတ်တွင် မေရှိယ ဟုခေါ်ခဲ့သည်၊ အဓိပ္ပါယ်အတူတူဖြစ်ပါသည်)။ ဘုရားသခင့်နိုင်ငံတော်၏အလုပ်ကိုလုပ်ကိုင်ရန် ယေရှုကို ဘုရားသခင်က အထူးတလည်ခန့်အပ်သည်၊ ခန့်ထားသည်ဟုဆိုလိုခြင်းဖြစ်သည်။ သူ့ကို ဗတ္တိဇံခံသည့်အချိန်၌ ဝိညာဉ်တော်ဖြင့်လူသိရှင်ကြားခန့်အပ်ပါသည် (မဿဲ ၃း၁၆)။ ထိုကိစ္စကို ဟေရှာ ၆၁း၁–၃ တွင် ဖေါ်ပြခဲ့ပြီးဖြစ်သည်။ ထိုကျမ်းပိုဒ်၌ သူ့ကို ဘိသိတ်ပေးခြင်း(ခန့်အပ်ခြင်း)ခံရသူဟု ကြိုတင်ဖေါ်ပြခဲ့ပါသည်။

ဘုရားသခင့်နိုင်ငံတော်၌ ခရစ်တော်၏အဆင့်အတန်းနှင့်အလုပ်သည် မည်သို့ဖြစ်ပါသနည်း?

သူသည် ပုရောဖက်၊ ယဇ်ပုရောဟိတ်နှင့် ရှင်ဘုရင် ဖြစ်ပါသည်။ ကြီးကျယ်မြင့်မြတ်သော အသင်းတော်ပြုပြင်ခြင်းကာလ၏ ခံယူယုံကြည်ချက်တခုဖြစ်သည့် ဟိုက်ဒဲလ်ဘာ့ဂ်အမေးအဖြေက “သူ့အားအဘယ်ကြောင့် ဘိသိက်ပေးခြင်းခံရသူဟုအဓိပ္ပါယ်ရသည့် သခင်ခရစ်တော်ဟူ သောအမည်ဖြင့် မှည့်ရသနည်း?”ဟု မေးပါသည်၊ ပေးသောအဖြေမှာ “အဘယ်ကြောင့်ဆိုသော် သူသည်ကျွန်ုပ်တို့၏ကယ်တင်ခြင်းနှင့်ပတ်သက်၍ ဘုရားသ ခင်၏အလိုတော်နှင့်အကြံအစည်တော်၏လျှို့ဝှက်ချက်ကို ကျွန်ုပ်တို့ထံသို့ ပြည့်ဝစွာဖေါ်ပြမည့် ကျွန်ုပ်တို့၏ ပရောဖက်နှင့်ဆရာ ဖြစ်လာရန်အတွက်၎င်း၊ မိမိခန္ဓာကိုယ်ကိုတကြိမ်ယဇ်ပူဇော်ခြင်းဖြင့် ကျွန်ုပ်တို့ကိုကယ်တင်လျှက်၊ခမည်းတော်ထံ၌ ကျွန်ုပ်တို့အတွက် အမြဲမပြတ်ဆုတောင်းပေးသူ၊ ကျွန်ုပ်တို့၏တပါးတည်းသော မြင့်မြတ်သော ယဇ်ပုရောဟိတ်မင်း ဖြစ်လာရန်အတွက်၎င်း၊ ကျွန်ုပ်တို့အား သူ၏နှုတ်ကပတ်တော်နှင့် ဝိညာဉ်တော်အားဖြင့် အုပ်စိုးလျှက်၊ ကာကွယ်ပေးလျှက်၊ ကျွန်ုပ်တို့အတွက် သူကိုယ်တိုင်ဝယ်ပေးသောကယ်တင်ခြင်းကို အပြည့်အဝခံစားစေခြင်းအတွင်း၌ စောင့်ရှောက်ထိန်းသိမ်းသူ ကျွန်ုပ်တို့၏ ထာဝရရှင်ဘုရင်ဖြစ်လာရန်အတွက်၎င်း ခမည်းတော်ဘုရားသခင်ကခွဲခန့်မှတ်သား၍၊ သန့်ရှင်းသောဝိညာဉ်တော်ဖြင့် ဘိသိက်ပေးတော်မူသောကြောင့်ဖြစ်သည်” (မေးခွန်း ၃၁)ဟူ၍ဖြစ်ပါသည်။

ထိုသို့ခရစ်တော်၏အမည်၌ပါဝင်သော ပရောဖက်၊ ယဇ်ပုရောဟိတ်၊ ဘုရင် စသည့်ဌာနများကြောင့် ထိုနာမည်သည် အထူးတလည်အရေးကြီးရခြင်းဖြစ်သည်။ ထိုနာမည်သည် အသင်းတော်၏အခြေခံအုတ်မြစ်လည်းဖြစ်ပါသည် (မဿဲ ၁၆း၁၈)။ အဘယ်ကြောင့်ဆိုသော် ခရစ်တော်၏ ပရောဖက်၊ ယဇ်ပုရောဟိတ်၊ ဘုရင် ဆို၏အလုပ်သာမရှိလျှင် အသင်းတော် မတည်ရှိနိုင်ပါ။ ခရစ်တော်ဟု ဝန်ခံခြင်းသည် ဒုတိယမွေးခြင်းခံရပြီးကြောင်း သက်သေဖြစ်ပါသည် (၁ယော ၅း၁)။ အဘယ်ကြောင့်ဆိုသော် တစုံတဦးအတွက် ခရစ်တော်က ပရောဖက်ကဲ့သို့ မပြောပြလျှင်၊ ယဇ်ပုရောဟိတ်ကဲ့သို့ ယဇ်မပူဇော်ပေးလျှင်၊ ဘုရင်တဦးအနေနှင့် စာတန်၏လက်မှ မကယ်လျှင် မည်သူမျှ သူ့ကို ယုံ ကြည်နိုင်မည်မဟုတ်ပါ။

ယေရှုကို ခရစ်တော်ဟု ဝန်ခံချက်ပြုခြင်းသည် သူ၏အမည်ကို ရွေရွတ်ယုံပြုခြင်းမဟုတ်ပါ၊ သူသည် ကျွန်တော်တို့၏ အချုပ်အခြာပရောဖက်နှင့်ဆရာဖြစ်ကြောင်း၊ ကျွန်တော်တို့၏တဦးတည်းဖြစ်သောယဇ်ပုရောဟိတ်ဖြစ်ကြောင်း၊ ကျွန်တော်တို့၏ ထာဝရဘုရင်ဖြစ်ကြောင်း ပြောနေခြင်းဖြစ်ပါသည်။ ကျွန်တော်တို့ကို သူတယောက်တည်းကသာ သွန်သင်မည်ဖြစ်ကြောင်း၊ သူတဦးတည်းကသာ အုပ်ချုပ်မည်ဖြစ်ကြောင်း၊ သူတဦးတည်းကသာ ကောင်းချီးပေးမည်ဖြစ်ကြောင်းတို့ကို အသိအမှတ်ပြု ဝန်ခံခြင်းဖြစ်ပါသည်။ ထို့ကြောင့် ကောင်းကင်ဘုံကသာ လက်ဆောင်အဖြစ် မပေးလျှင် မည်သူမျှ ယေရှုကို ခရစ်တော်ဟု မခေါ်နိုင်ခြင်းသည် အံ့ဩစရာမဟုတ်တော့ပါ။

ယေရှုသည် ခရစ်တော်ဖြစ်သည်ဆိုခြင်းသည်၊ ထိုဋ္ဌာနများနှင့်ထိုဋ္ဌာနများကပေါ် ဆောင်သောလုပ်ငန်းတို့ကို သူတဦးတည်းကသာ အကောင်အထည်ဖေါ်နိုင်ပါသည်ဟု ပြောခြင်းလည်းဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့ကို မည်သည့်လူကမျှ သင်ပေးဖို့မလိုတော့ပါ (၁ယော ၂း၂၇)။ အခြားယဇ်ပုရောဟိတ်၊ အခြားသောယဇ်ပူဇော်ခြင်း မလိုတော့ပါ။ ကျွန်တော်တို့ မည်သည့်ဘုရင်ကိုမျှ အသိအမှတ်မပြုပါ၊ အဘယ်ကြောင့်ဆိုသော် သူသည်ဘုရင်တို့၏ဘုရင် သခင်တို့၏သခင်ဖြစ်ပါသည်။ သူသည် အလွန်ထူးခြားပါသည်။

ယေရှုသည်ခရစ်တော်ဖြစ်သည်ဟု ဝန်ခံလျှက်၊ ကျွန်တော်တို့သည် သူထံ၌သာ ကယ်တင်ခြင်းကို ရှာကြပါသည်။

## သခင်ဆိုသောအမည်အကြောင်း(The Name Lord)

ကျွန်တော်တို့ကယ်တင်ရှင်၏ အရေးကြီးဆုံးသောအမည်မှာ သခင်ဆိုသည့် အံ့သြစရာနာမည်ဖြစ်သည်။ ခရစ်တော်ဆိုသောအမည်ကဲ့သို့ သခင်ဆိုသော်အမည်သည်လည်း ပုဂ္ဂိုလ်အမည်မဟုတ်ပါ၊ ဂုဏ်ကျက်သရေရှိခြင်း၏ ဘွဲ့အမည် ဖြစ်ပါသည်။

ဤဘွဲ့အမည်သည်အရေးကြီးသည်၊ အဘယ်ကြောင့်ဆိုသော် ထိုအမည်က ယေရှုသည် ဘုရားဖြစ်သည်ဟု ကျွန်တော်တို့ကို သတိပေးနေပါသည်။ သူသည်ဘုရားဖြစ်တော်မူခြင်းကိုပြောပြဖို့ ဤသက်သေထက် ပိုကောင်းသော သက်သေ မလိုအပ်တော့ပါ။ သူ့ကို ကျမ်းစာက သခင်ဖြစ်သည်ဟု သက်သေပြနေပါသည်၊ “ကျွန်ုပ်၏ သခင်” “ကျွန်ုပ် ၏ဘုရား”ဆိုသည်မှာ တကယ်တမ်းတွင် တူညီသောဝန်ခံချက်ဖြစ်ပါသည် (ယော ၂၀း၂၈)။

သခင်ဆိုသော ဘွဲ့နာမက ယေရှု၏အစိုးရတော်မူခြင်း အရာခပ်သိမ်းကိုပိုင်ဆိုင်ခြင်းအား အထူးသဖြင့်ပြောပြ ပါသည်။ သူသည် သခင်တဦးအနေနှင့် အရာခပ်သိမ်းကို အစိုးရတော်မူသောဩဇာအာဏာ၊ တန်ခိုးဖြင့် အုပ်ချုပ်ယုံ သာမက၊ အားလုံးသည် သူ၏အစေခံများလည်းဖြစ်ကြသည်၊ အားလုံးကို သူကသာ ပိုင်ဆိုင်ပါသည်။

ဘုရားသခင်က ဆာလံ ၅၀း၁၂ တွင် “ကမ္ဘာကြီးကိုငါပိုင်သည်၊ ၎င်း၏ပြည့်ဝခြင်းရှိသမျှငါပိုင်သည်”ဟုပြော သောအခါ၊ အရှင်သခင်တဦးကဲ့သို့ ပြောခြင်းဖြစ်သည်၊ ၎င်းသည် ဆာလံ ၁၁၉း၉၁ တွင် ဆာလံရေးသူက “အရာခပ် သိမ်းသည် ကိုယ်တော့်အစေခံများဖြစ်ကြပါသည်”ဟု ဝန်ခံခြင်းနှင့်အတူတူပင်ဖြစ်ပါသည်။ ထိုသခင်ဖြစ်ခြင်းကို ဘု ရားသခင်က ယေရှုထံသို့ ပေးထားပါသည် (တမန် ၂း၃၆)။

ယေရှု၏သခင်ဖြစ်ခြင်းတွင် ပိုင်းနှစ်ပိုင်းပါဝင်သည်။ တဖက်တွင် သူသည် အရာခပ်သိမ်း၏ဖန်ဆင်းသူအနေ နှင့် ပိုင်ဆိုင်ခြင်းဖြစ်ပြီး၊ အားလုံးကို မိမိ၏ရည်ရွယ်ချက်အတိုင်းဖြစ်လာရန် အစိုးရတော်မူခြင်းတန်ခိုးဖြင့် အုပ်ချုပ် သည်။ ခရစ်တော်၏သခင်ဖြစ်ခြင်းအား ဤရှုထောင့်မှဖေါ်ပြခြင်းကို တခါတရံ “သူ၏ဖန်ခိုးတော်ဖြင့်အုပ်ချုပ်ခြင်း”ဟု ခေါ်ပါသည်။ အားလုံး၏အရှင်သခင်အဖြစ်၊ သူသည် မိမိ၏ရည်ရွယ်တော်မူချက်များအတွက်၊ ရှိသမျှအကုန်လုံးကို၊ ၎င်းတို့၏အလိုဆန္ဒများကိုဆန့်ကျင်လျှက်လည်း၊ အစိုးရတော်မူစွာအသုံးပြုပါသည်။

သို့သော် “သူ၏ကျေးဇူးတော်ဖြင့်အုပ်ချုပ်ခြင်း”ဆိုသည့်အရာလည်း ရှိပါသေးသည်။ ဤခေါင်းစဉ်ဖြင့်ကြည့် လျှင် သူသည် သူ့လူများ၏အရှင်သခင်သာဖြစ်သည်၊ သူတို့ကို အသွေးတော်ဖြင့် ဝယ်ယူထားသောကြောင့်ဖြစ်ပါ သည်။ သူ့လူများကို သူပိုင်ပါသည်၊ နေလကြယ်တို့ကဲ့သို့ ပိုင်ဆိုင်ယုံမကပါ၊ တန်ဖိုးနှင့်ဝယ်ထားသည်ကဲ့သို့ ပိုင်ဆိုင် ခြင်းဖြစ်ပါသည်။ “ထိုသူတို့သည် ငါစီရင်သောနေ့ရက်၌ ငါပိုင်ထိုက်သော ဘဏ္ဍာတော်(ရတနာများ)ဖြစ်ကြလိမ့်မည်၊ အဘ၏အမှုကိုဆောင်သောသားကို အဘနှမြောသကဲ့သို့ ထိုသူတို့ကို ငါနှမြောမည်ဟု ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူ၏” (မာလခိ ၃း၁၇)။ သခင်ယေရှုသည် သူ၏အရှင်သခင်ဖြစ်ခြင်းကို သူတို့အပေါ်တွင် တန်ခိုးတော်အားဖြင့်သာ ကျင့်သုံးသည်မဟုတ်ပါ၊ သူ့ကျေးဇူးတော်၏ ချိုမြိမ်သောလွှမ်းမိုးခြင်းဖြင့်လည်း ကျင့်သုံး တော်မူပါသည်။ သူသည်သူတို့ကို သံလှံတံတော်နှင့် မအုပ်ချုပ်ပါ(ဆာလံ ၂း၉)၊ သိုးထိန်း၏တောင်ဝှေးတော်နှင့်သာ အုပ်ချုပ်ပါသည် (ဆာလံ ၂၃း၁)။

သူ၏အရှင်သခင်ဖြစ်ခြင်း၏ ဤအပိုင်းကို သန့်ရှင်းသောဝိညာဉ်တော်လုပ်ပေးမှသာ ဝန်ခံနိုင်ပါသည် (၁ ကော ၁၂း၃)။ အကယ်၍ ကျွန်တော်သည် သူ၏အရှင်သခင်ဖြစ်ခြင်းကို ဤရှုထောင့်မှ ဝန်ခံသည်ဆိုလျှင်၊ကျွန်တော် သည်သူ့ကို သခင်အဖြစ် အသိအမှတ်ပြုသည်သာမကပါ၊ သူသည် ကျွန်တော့်အရှင်သခင်ဖြစ်ကြောင်းကိုလည်း ဝန်ခံ ခြင်းဖြစ်ပါသည်။ ထိုအခါ ကျွန်တော်သည် သူ၏ပိုင်ဆိုင်ခြင်းခံရသူဟု ဝန်ခံပါသည်၊ သူ၏ရှေ့တွင်အဖိုးတန်သူဖြစ် လာပါသည်။ ကျွန်တော် မည်သူဖြစ်သည်ဆိုခြင်းကြောင့်မဟုတ်ပါ၊ ကျွန်တော် ဘာလုပ်ခဲ့သည်ဆိုခြင်းကြောင့်လည်း မဟုတ်ပါ၊ ကျွန်တော့အတွက် သူသွန်းလောင်းပေးသော အသွေးတော်ကြောင့်သာဖြစ်ပါသည်။

ထို့အပြင်၊ ထိုသို့ဝန်ခံသည့်အခါ၊ ကျွန်တော်ပိုင်ဆိုင်သမျှအားလုံးကိုလည်း သူကသာပိုင်ဆိုင်ပါသည်ဟု လည်း ဝန်ခံခြင်းဖြစ်ပါသည်။ မည်သည်မျှ ကျွန်တော်ပိုင်သည်မရှိပါ၊ ကျွန်တော့် မိသားစု၊ ကျွန်တော့်အချိန်၊ ကျွန်

တော်ပိုင်ဆိုင်သည့်ပစ္စည်းများ၊ နောက်ဆုံး ကျွန်တော့်ခန္ဓာသည်ပင်လျှင် ကျွန်တော့်ကိုယ်ပိုင်မဟုတ်ပါ၊ “သင်တို့သည် အဖိုးနှင့်ဝယ်တော်မူသောသူဖြစ်သောကြောင့်၊ ဘုရားသခင်ပိုင်တော်မူသော သင်တို့၏ကိုယ်ခန္ဓာနှင့်စိတ်ဝိညာဉ်အား ဖြင့် ဘုရားသခင်၏ဂုဏ်တော်ကို ထင်ရှားစေကြလော့” (၁ကော ၆း၂၀)။ ကျွန်တော်နှင့် ကျွန်တော့်အပိုင်မှန်သမျှ သည် သူ့အပိုင်ဖြစ်သဖြင့် အားလုံးကို သူ၏အမှုတော်အတွက်၊ သူ၏လုပ်ငန်းနားခြင်းနှင့် သူ၏နိုင်ငံတော်အတွက် အသုံးပြုရမည်ဖြစ်ပါသည်။

ယေရှုသည် အရှင်သခင်ဖြစ်သည်ဆိုသော ဝန်ခံချက်ကို သင် ပြုပါသလား? သင့် အရှင်သခင်ဖြစ်သည်ဟု ဝန်ခံချက်ပြုပါသလား? သင်သည် သူ့အပိုင်ဖြစ်သည်ဆိုသည့်အမြင်ရှုထောင့်မှ အသက်ရှင်ပါသလား? သင်၌ရှိသမျှ အားလုံးကို ထိုရှုထောင့်မှ အသုံးပြုပါသလား? ပြုပါသည်ဆိုလျှင် သူသည် သင်၏သခင်နှင့်သင်၏ဘုရားစင်စစ် ဖြစ် ပါသည်။

## ဘုရားသခင်၏တပါးတည်းမွေးထားသောသားတော်ဆိုသောအမည်အကြောင်း

(The Name Only Begotten Son of God)

ဘုရားသခင်၏တပါးတည်းမွေးထားသောသားတော်! ဘုန်းကျက်သရေအမှန်တရားနှင့်ကြွယ်ဝလှသော ကျွန် တော်တို့ ကယ်တင်ရှင်၏အမည်ဖြစ်သည်။ သူနှင့်ပတ်သက်၍ ကျွန်တော်တို့ယုံကြည်သမျှသည် ဤအမည်အပေါ် တွင် တည်မှီနေပါသည်။ အကယ်၍သာ သူသည် ဘုရားသခင်၏တပါးတည်းမွေးထားသောသားတော် မဟုတ်ခဲ့ပါ လျှင်၊ ကျွန်တော်တို့အတွက် ဘာမျှမဟုတ်သူတယောက်သာဖြစ်ပါမည်။

ယေရှုခရစ်တော်သည် ဘုရားဖြစ်သည်၊ ခမည်းတော်နှင့်အရာခပ်သိမ်း၌အဆင့်တူသည်ဆိုသည့် ကျမ်းစာ၏ အမှန်တရားကို တစိတ်တပိုင်းအားဖြင့် ဤအမည်ကပြောပြပါသည်။ သခင်ယေရှုမြေကမ္ဘာပေါ် သွားလာစဉ်ကပင် မယုံကြည်သူဂျူးများက ထိုအချက်ကို သေချာသိကြသော်လည်း၊ ယနေ့ခေတ်လူအများက ငြင်းဆန်နေကြပါသည်။ သခင်ယေရှုက သူ့ကိုယ်သူ ဘုရား၏သားဖြစ်သည်ဟု ပြောသောအခါ၊ ဂျူးများက ကျောက်တုန်းများကောက်၍ ဘု ရား၏နာမည်ကိုစော်ကားသူဟု ပေါက်သတ်ရန်စီမံခဲ့ကြသည်(ယော ၈း၅၉၊ ၁၀း၃၀-၄၂)။ သူတို့သည် ယနေ့လူအ များထက် အတော်ကို သဘောပေါက်ကြသူများဖြစ်သည်။ မှားယွင်းသောဝါဒီများ၊ တယောက်တည်းဖြစ်သည်ဟုယုံ ကြသူများနှင့် အခြားသော သုံးပါးတဆူ-ဆန့်ကျင်သူများက ဘုရားသခင်၏တပါးတည်းမွေးထားသောသားတော် ဆို သည့်စကားစုကို ဖတ်ကြသည့်အခါ၊ ဘာဆိုလိုကြောင်းကိုပင် အသိအမှတ်မပြုချင်ကြပါ။ အဘယ်ကြောင့်ဆိုသော် တပါးတည်းမွေးထားသောသားတော်ဆိုသည့်စကားလုံးက ဘုရား၏သားတော်ဆိုသည့်စကားလုံးထက် သူ၏ဘုရားဇာ တိကို ပို၍ရှင်းနေအောင်ပြောပြပါသည်၊ ထို့ကြောင့် ထိုအမည်သည် သူတို့အတွက် အမှန်တရားဖြစ်လျှင်ဖြစ်၊ မဟုတ် ပါက ဘုရားနာမကို့ရှုတ်ချသောအမည်ဖြစ်ရပါမည်။ ထိုနာမည်ကပြောချင်သည်မှာ ဘုရားသခင့်သားသမီးတို့အကြား တွင် ယေရှုသည်အင်မတန်ထူးခြားသည်၊ ထာဝရသားတော်၊ ဘုရားကိုယ်တိုင်မွေးထားသောသဘာဝသားတော် ဖြစ် သည်ဟူ၍ဖြစ်ပါသည်။

တပါးတည်းသာမွေးထားသောသားတော်ဆိုသည့်အမည်က ပြောပြသည့်အမှန်တရားကို ခေတ်ပေါ် ဘာသာ ပြန်ကျမ်းများက ရောနှောလျှက်အစိပ္ပါယ်ကို ဖေါ့ပစ်ချင်ကြပါသည်။ ၁တိ ၃း၁၆ ကဲ့သို့သော အလွန်အရေးကြီးသည့် ကျမ်းပိုဒ်များကို ခရစ်တော်၏ဘုရားဖြစ်ခြင်းအား သက်သေမပြနိုင်ရန် ဘာသာပြန်ကြသည်မက၊ ဤနာမည်ကိုလည်း “တဦးတည်းသောသား”(only son)ဟူ၍သာ ဘာသာပြန်ကြသည်။ (၂၆)က တဦးသာရှိသောသား (one and only son)ဟု ဘာသာပြန်ပါသည်၊ ပို၍ဆိုးရွားသောပြန်ဆိုချက်ဖြစ်သည်။ သခင်ယေရှုသည် ဘုရားသခင်၏ တပါးတည်း သောသားတော်သာမကပါ၊ တပါးတည်းမွေးဖွားထားသောသားတော်ဖြစ်ပါသည်။ ကျွန်တော်တို့လည်း ဘုရားသခင်၏ သားသမီးများဖြစ်ကြပါသည်၊ သို့သော် ကျွန်တော်တို့ကို မွေးဖွားမထားပါ(begotten)၊ “မွေးစားခြင်း” (adopted)သာပြု ပါသည်။ သခင်ခရစ်တော်အတွက်ကြောင့် ကျေးဇူးတော်အားဖြင့် မွေးစားခြင်းခံကြရပါသည်။

ကျွန်တော်တို့နားလည်ရမည်မှာ၊ ထိုနာမည်သည် မူရင်းဂရိဘာသာစကားကို အတိအကျ ဘာသာပြန်ခြင်း သာမကပါ၊ ထိုနာမည်ကို ခရစ်တော်၏အသင်းတော်သည် သမိုင်းတလျှောက် ခရစ်တော်၏ဘုရားဖြစ်ခြင်းအမှန်တ ရားအတွက် ခုခံကာကွယ်ခဲ့ကြပါသည်။ ထို့ကြောင့် ဘုရားသခင့်နှုတ်ကပတ်တော်ကို ပြန်၍ဘာသာပြန်ရန်လိုအပ်ပါ သည်ဟု ပြောဆိုလျှက် ထိုသို့အစိပ္ပါယ်များကို လွဲမှားစေသူများကို မယုံသင့်ပါ။

ယေရှုသည် ဘုရားသခင်၏တပါးတည်းသာမွေးဖွားထားသောသားတော်ဖြစ်သည်ဆိုသည့်အမှန်တရား၏ နောက် ရှုထောင့်တခုမှာ၊ သူ၏သားဖြစ်ခြင်းသည် ကျွန်တော်တို့၏သားသမီးများဖြစ်ရခြင်းအတွက် အခြေခံအကြောင်းတရား ဖြစ်ခြင်း ဖြစ်ပါသည်။ ထို့အတွက်ကြောင့် သူ့ကို သားဦးဟုလည်း ခေါ်ပါသည် (ဟေဗြဲ ၁၂း၂၃)။ “ပထမမွေးဖွားထား

သူ”ဟုလည်းခေါ်ပါသည် (ယောဖြဲ ၁း၆)။ ကျမ်းစာအရ သားဦးဆိုသည်မှာ အမိဝမ်းကို ဖွင့်သူဖြစ်ပါသည် (ထွက် ၁၃း၂)။ ဘုရားသခင်၏မိသားစု၌ ယေရှုသည် သားဦးအဖြစ်နှင့် သူ၏ညီအကိုမောင်နှမများ ထွက်လာနိုင်ကြရန် သေခြင်းနှင့်သင်္ချိုင်းဝမ်းကို ခွဲဖွင့်သူဖြစ်ပါသည်၊ ထိုသို့ဖြင့် သူတို့သည် ဘုရားသခင့်မိသားစုသို့ ပြန်လည်မွေးဖွားနိုင်ကြပါမည်။ သူသာမပါလျှင် မွေးဖို့ရောက်လာကြသော်လည်း မွေးဖွားခြင်းကိုမခံနိုင်ကြသူများကဲ့သို့သာ ဖြစ်နေကြပါမည်။ သခင်ယေရှု၏ သားဦးအဖြစ် လုပ်ကိုင်ပေးမည့်အလုပ်ကို ကြိုတင်ပုံဆောင်သည့်အနေဖြင့် ဓမ္မဟောင်းကာလတွင် သားဦးတိုင်းကို ဘုရားသခင့်ထံ ဆက်ကပ်ခဲ့ကြသည်။

အခြားသောခရစ်တော်၏အမည်များကဲ့သို့ ဤနာမည်ကိုလည်း လက်တွေ့မဆန်စွာ ဝန်ခံ၍မရပါ။ ခင်ဗျားနှင့်ကျွန်တော့်အတွက် ဤအမည်ကို ဝန်ခံနိုင်စရာတခုတည်းသောနည်းလမ်းမှာ ဘုရားသခင်၏တပါးတည်းမွေးထားသောသားတော်သည် ကျွန်တော်၏ဘုရားသခင်ဖြစ်ပါသည်ဟု ပြောခြင်းသာဖြစ်သည်။ သူသည် ကျွန်တော့်ဘုရားဖြစ်သည်ဟုပြောခြင်းသည် ဤနာမည်က ထူးခြားစွာဖေါ်ပြသော သူ၏ဘုရားဖြစ်ခြင်းတွင်၊ သူ့အားယုံကြည်ဖို့နှင့် သူ၏ဂုဏ်ကျေးဇူးတော်ကိုမျှော်လင့်ဖို့ သေချာသောအခြေခံကို ရှာဖွေတွေ့ရှိခြင်းဖြစ်ပါသည်။

(Doctrine According to Godliness, Rev. Ronald Hanko၏စာအုပ်မှ ဘာသာပြန်ပါသည်)

++++++++++++++++++++++++++++++++++++++++++++++++++++++

## ကောင်းကင်နိုင်ငံတော်၏ အဖိုးထိုက်တန်ခြင်း (ဒုတိယပိုင်း)
## The Worth of the Kingdom (Part 2)

### ရတနာ၏ ထိုက်သင့်သည့်တန်ဖိုးကိုဆုံးဖြတ်ခြင်း

ဤရတနာတို့၏ ထိုက်သင့်သည့်တန်ဖိုးကို ဘုရားသခင်၏ကျေးဇူးတော်အားဖြင့်သာသိရှိနိုင်ပါ၏။ ဤအချက်ကိုလဲ ပုံဥပမာ(၂)ခုထဲတွင် အလေးအနက်ထား၍ဖေါ်ပြထား၏။ လယ်ကွင်းထဲတွင်မြှုပ်ထားသောရတနာသိုက်ကိုတွေ့ရှိသွားသောလယ်သမားသည် လယ်ကွက်ရော၊ ရတနာသိုက်ပါ သူပိုင်သောအရာဖြစ်အောင် မဝယ်နိုင်မချင်း ရတနာသိုက်ကိုအမြန်ဆုံးပြန်၍ဖုံးဖိထားလိုက်သည်။ သူတွေ့ရှိလိုက်သောအရာ၏တန်ဖိုးရှိမှုကို သိမြင်လိုက်ရသောကြောင့် ထိုရတနာသိုက်ကိုသူအပိုင်ရအောင်လုပ်မည်ဟုဆုံးဖြတ်ခဲ့၏။ ကုန်သည်ကြီးသည်လဲ ထိုနည်းအတိုင်းပင်ဖြစ်၏၊ သူသည်သူ၏အရောင်းအဝယ်လုပ်ငန်းတွင်ကျွမ်းကျင်သူဖြစ်၏။ အနာအဆာပါသောပုလဲများ၊ အတုအယောင်ပု လဲများကို ခွဲခြားသိမြင်နိုင်၏။ ပုလဲလုံးတခု၏အရွယ်၊ ပုံစံ၊ စင်ကြယ်မှု၊ တောက်ပမှု–တို့ကိုကြည့်ပြီး တန်ဖိုးကိုချက်ချင်း ပြောပြနိုင်သူဖြစ်၏။ သူသည်ရှေးဟောင်းကမ္ဘာထဲရှိဈေးခင်းများသို့ ပုလဲအကောင်းစားရှာဖို့ရန် လှည့်လည်မွှေ နှောက်နေသူဖြစ်၏။ သူ၏ကျင့်သားရပြီးသောမျက်လုံးအစုံဖြင့် အဖိုးတန်ပုလဲကိုတွေ့မြင်လိုက်ရသည်နှင့် အကောင်း ဆုံးပုလဲဖြစ်ကြောင်းချက်ချင်းသိလိုက်၏။

နိုင်ငံတော်၏ဝိညာဉ်ရေးရာရတနာနှင့်ပတ်သက်၍လည်း ဤအတိုင်းပင်ဖြစ်၏။ နိုင်ငံတော်၏ရတနာများကိုတွေ့မြင်ရသူများစွာရှိကြသော်လည်း ထိုရတနာများ၏တန်ဖိုးအမှန်ကိုအသေအချာသိနိုင်စွမ်းမရှိ (သို့မဟုတ်) တန်ဖိုးကြီးလွန်း၍ ချဉ်းကပ်နိုင်ခြင်းမရှိ–ဖြစ်နေကြ၏။ ကလေးငယ်တဦးသည် ငွေကြေးတန်ဖိုးကိုမသိသေးသောကြောင့် လျှို့ဝှက်ရတနာသိုက်ကိုတွေ့လျှင်သော်မှ ကစားစရာအဖြစ်သာသဘောထားလိမ့်မည်ဖြစ်၏။ ဝါနုသေးသူတဦးသည်လဲ ပုလဲတလုံး၏ တန်ဖိုးအစစ်အမှန်ကိုမသိနိုင်သောကြောင့် ဈေးကြီးလှသောပုလဲကိုတွေ့သောအခါ အမှတ်တမဲ့ဘဲဖြစ်ဖြစ်၊ မတန်တဆဈေးကြီးလွန်းသည်ဟုယူဆ၍ဘဲဖြစ်ဖြစ် ဂရုမစိုက်ဘဲကျော်သွားနိုင်ပါသည်။ ကောင်းကင်နိုင်ငံ၏ရ တနာများကိုမှန်ကန်စွာတန်ဖိုးဖြတ်ခြင်း –မပြုနိုင်သူများ၊ မပြုချင်သူများ၊ ပြုလိမ့်မည်မဟုတ်သူများ –ရှိနေပါသည်။ ဤသို့သောသူများသည် ကောင်းကင်နိုင်ငံတော်၏ရတနာများကို တွေ့မြင်ကြရသောအခါ ထိုရတနာများကိုအမြတ်တနိုးတန်ဖိုးထားကြသူများကို လှောင်ပြောင်ကြ၊ အထင်အမြင်သေးကြ၊ ရှုံ့ချကြ၏။ သူတို့၏ အလေ့အကျင့်မရှိသောမျက်လုံး၊ အပြစ်မှောင်မိုက်ဖုံးလွှမ်းနေသောနှလုံးသားများအတွက်တော့ ကောင်းကင်နိုင်ငံတော်၏ရတနာများသည် ဘာမှတန်ဖိုးမရှိပါ။

ဘုရားသခင်၏ရတနာများ၏တန်ဖိုးကို သိမြင်နိုင်စွမ်းရှိသူများ အဘယ့်ကြောင့်ရှိနေကြရပါသနည်း? အဖြေကတော့ သူတို့၏နှလုံးသားများထဲ၌ဘုရားသခင်၏ကျေးဇူးတော်၏ ဝိညာဉ်အလင်းထွန်းလင်းပြခြင်း ခံစားကြရသောကြောင့်ဖြစ်ပါ၏။ ဘုရားသခင်သည် သူတို့ကိုအပြစ်တရားလက်မှ ကယ်နှုတ်လိုက်ပြီးဖြစ်သည်။ သူတို့ကို ရတနာသိုက် အမွေဆက်ခံသူများဖြစ်လာစေရန် အတွင်းမှလုပ်ဆောင်ပေးနေပြီဖြစ်သည်။ သူတို့သည် အမိုက်မှောင်နှင့်ပျက်စီးယိုယွင်းခြင်း၏အချည်းနှီးအသက်ရှင်မှုတို့မှ ကယ်ဆယ်ခြင်းခံကြရပြီး၊ အကုသိုလ်ဒုစရိုက်နှင့် မျက်မှောက်

ကမ္ဘာ၏ တပ်မက်ခြင်းများဆီမှ နောက်ပြန်လှည့်စေလိုက်ပြီးဖြစ်၏။ ထို့နောက် ကောင်းကင်အရာများနှင့်တည်မြဲသော၊ မကျိုးပြတ်နိုင်သော –ဆက်ဆံမှု ရှိစေလိုက်ပြီဖြစ်၏။ သူတို့သည် လက်ဝါးကပ်တိုင်၏အသွေးတော်နှင့်သန့်စင်ပေးခြင်းခံစားကြရပြီးဖြစ်၏။ သူတို့သည် လောကီအရာများနှင့်ကောင်းကင်အရာများ၏တန်ဖိုးအစစ်အမှန်ကို–ယုံကြည်ခြင်း၊ သမ္မာကျမ်းစာကိုသိနားလည်ခြင်း၊ ဝိညာဉ်သဘောထိုးထွင်းသိမြင်နိုင်စွမ်းရှိခြင်း၊ ကောင်းကင်နှင့်ဆိုင်သောဉာဏ်ပညာ–တို့အားဖြင့် တန်ဖိုးဖြတ်နိုင်စွမ်းရှိနေကြပြီဖြစ်၏။ သူတို့သည်တန်ဖိုးဖြတ်ခြင်းနယ်ပယ်၌ အထူးကျွမ်းကျင်သူများဖြစ်လာကြ၏။ အဘယ့်ကြောင့်ဆိုသော် သူတို့၏နားလည်နိုင်စွမ်းမျက်လုံးများကို ဖွင့်ပေးခြင်းခံလိုက်ရပြီးသောကြောင့်ဖြစ်၏။

ဤရတနာများ၏တန်ဖိုးကို သူတို့သိမြင်နိုင်စွမ်းရှိရခြင်း၏ အကြောင်းရင်းခံနောက်တခုမှာ သူတို့အသက်တာများထဲတွင် ထိုကဲ့သို့ကောင်းမြတ်သောအရာများကို တွေ့ကြုံခံစားခဲ့ဖူးသောကြောင့်လဲဖြစ်၏။ ကောင်းကင်နိုင်ငံတော်၏ရတနာများထဲမှတခုမှာ အပြစ်များမှခွင့်လွှတ်ခြင်းဖြစ်ကြောင်း သင်ယူပြီးရုံသာမကဘဲ သူတို့၏အပြစ်များကိုခွင့်လွှတ်ပေးခြင်းခံစားရပြီးကြောင်းသိနားလည်ကြ၏။ ထို့အတူ ဤမဟာရတနာသိုက်ကြီး၏ (ကောင်းချီးမင်္ဂလာပြည့်ဝသော) ကြွယ်ဝချမ်းသာမှုကို မြည်းစမ်းခွင့်ရလိုက်ကြသည်။ ကောင်းကင်ဘုံ၏ကြွယ်ဝချမ်းသာမှုများထဲမှ အကြီးမြတ်ဆုံးတခုမှာ ဘုရားသခင်၏မျက်နှာသာပေးခံရခြင်းကောင်းချီးမင်္ဂလာဖြစ်ကြောင်း သူတို့သိမြင်လာကြရုံသာမက သူတို့ ၏ဘဝများထဲတွင် လက်တွေ့ခံစားနေကြရပြီးဖြစ်၏။ အစ္စရေးဆာလံဆရာ၏ ချိုမြိန်သောဆာလံသီချင်း ––ကျွန် တော့်ဘုရားသခင်၏ ချစ်မေတ္တာပြည့်သောဂရုဏာတော်သည် ကျွန်တော့်အသက်ထက်ပို၍ ––ကို အနက်အဓိပ္ပါယ် ကောင်းစွာနားလည်လျက်သီဆိုနိုင်ကြပြီဖြစ်၏။ ဆိုးညစ်သောသူများ၌ဤအရာများမရှိပါ။ သူတို့သည် ဘုရားသခင် ၏ ဒေါသနှင့်ကျိန်ခြင်းလက်တော်က လေးလံစွာဖိစီးထားခြင်းအောက်၌အသက်ရှင်နေကြရခြင်းဖြစ်၏။ သူတို့ထံ၌ ကောင်းကင်နိုင်ငံတော်၏ ကြွယ်ဝချမ်းသာမှု အသေးဆုံးကလေးကိုပင် မခံစားဖူးကြယုံသာမက ကောင်းကင်ဘုံ၏ရတ နာများကိုလဲ အထင်အမြင်သေးလိုက်ကြသေး၏။

## အပြည့်အဝဆက်ကပ်အပ်နှံခြင်းနှင့်သာ ထိုက်တန်သောရတနာသိုက်

ကောင်းကင်နိုင်ငံတော်၏ရတနာများ၏အဖိုးထိုက်တန်မှုကို ဆိုးညစ်သောသူတို့က အကဲမဖြတ်နိုင်ကြသည့်အတွက် ထိုအရာများကိုပိုင်ဆိုင်နိုင်ဖို့ ဘာတခုမှကြိုးစားအားထုတ်ခြင်းမရှိဘဲ ကျော်လွှားသွားတတ်ကြသည်။ လယ်ကွင်းပြင်ထဲမှရတနာသိုက်ကို သူတို့ခလုတ်တိုက်မိကြသည့်အခါတွင်လဲ အကြီးအကျယ်ဒေါသပုန်ထလျက် အံသွားခဲကြိတ်ကာ သူတို့လမ်းကိုသာဆက်၍လျှောက်လှမ်းသွားကြသည်။ တန်ဖိုးအကြီးဆုံးသောပုလဲရတနာကို သူတို့တွေ့ကြသော်လည်း တစက်ကလေးမျှစိတ်မဝင်စားဘဲ ကျော်လွှားသွားကြသည်။ သူတို့သည် နိုင်ငံတော်၏ကြွယ်ဝမှုများကိုအထင်အမြင်သေးပြီးသားဖြစ်ကြသောကြောင့် ထိုကြွယ်ဝမှုမျိုးတခုတလေကိုမျှ သူတို့မလိုချင်ကြပါ။ ဤသို့ဖြစ်ရခြင်း ၏ အရင်းအမြစ်၊ အနက်ရှိုင်းဆုံးခံစားချက်သည် –ဘုရားသခင်နှင့်ခရစ်တော်အားခါးသည်းစွာမုန်းတီးခြင်း၊ ပုန်ကန် တိုက်ခိုက်ခြင်းစိတ်ထားမှလာကြောင်း ဘယ်တော့မှမမေ့လျော့ရန် အရေးကြီးသည်။ သူတို့သည် နိုင်ငံတော်၏ကြွယ်ဝ မှုများကို ရယူဖို့ရန်မတတ်စွမ်းနိုင်ကြသလို ရယူလိုစိတ်လဲမရှိကြပါ။ သူတို့သည် ခရစ်တော်ကိုမုန်းတီးသောကြောင့် လက်ဝါးကပ်တိုင်တင်သတ်လိုက်ကြသည်။ သူတို့သည် ဘုရားသခင်အားအထင်အမြင်သေးကြသည်၊ အဘယ့်ကြောင့် ဆိုသော် သူတို့ကိုယ်သူတို့သာချစ်ကြပြီး၊ ဘုရားသခင်၏ဘုန်းတန်ခိုးတော်ကိုလဲ သူတို့တကိုယ်ကောင်းအတွက် ခိုးယူ ဖို့ ကြံရွယ်နေကြသောကြောင့်ဖြစ်သည်။ ဤအကြောင်းကြောင့်ပင် သူတို့ဘဝလမ်းထဲမှာ ကောင်းကင်နိုင်ငံတော်၏ ရ တနာများကိုအထူးတလည်တန်ဖိုးထားသူ တယောက်ယောက်နှင့် တိုးမိကြသောအခါတွင် လှောင်ပြောင်ကြ၊ ရှုံ့ချ ကြ၊ ကြောင်သူတော်တဦး၏အံ့သြခြင်းမျိုးဖြင့် ခေါင်းခါခါလည်ခါခါဖြစ်ကုန်တတ်ကြသည်။ သူတို့သည် ဘဝထဲမှာ သူတို့ကိုယ်ကျိုးအတွက် ရနိုင်သမျှရယူကြဖို့သာလျှင် ရည်ရွယ်ချက်ထား၍အသက်ရှင်ကြသည်။ သူတို့စားကြသည်၊ သောက်ကြသည်၊ မင်္ဂလာဆောင်ကြသည်၊ မနက်ဖြန်သေရကြမည်ဟု သိနေကြ၍ဖြစ်သည်။ သူတို့၏ဆိုးညစ်သော ဝိညာဉ်ထဲ၌အပြစ်တရားပြည့်ဝမသွားခင်မှာ သေခြင်းတရားရောက်လာမည်ကိုစိုးရိမ်ကြသောကြောင့် သာမန်ထက်ပိုသော ကြိုးစားအားထုတ်မှု၊ သွေးရူးသွေးတမ်းအာရုံစူးစိုက်မှုများဖြင့် လောကီတပ်မက်မှုနှင့်ကာမဂုဏ်စည်းစိမ်နောက်ကို တမ်းတမ်းစွဲလိုက်စားကြတော့သည်။

ထို့အတူ ဤအပြစ်တရား၏အစိတ်အပိုင်းတချို့သည် ယုံကြည်သူများအထဲမှာလဲ ကျန်နေသေးတတ်ပါ၏။ အမှန်စင်စစ် ဤအပြစ်တရား၏အစိတ်အပိုင်းအများစုကြီး ကျန်ရစ်ခဲ့ပါ၏ဟု ကျွန်တော်ပြောမိတော့မတတ်ဖြစ်ရ၏။

တမန်တော်များထံ၌လည်း ဤအတိုင်းပင်ဖြစ်ခဲ့၏။ သူတို့သည်လဲ ဤအရာများအားဖြင့်အပြစ်ထင်ရှားလျက်ရှိခဲ့ကြ၏။ သူတို့၏ ကောင်းကင်နိုင်ငံတော်အပေါ် အထူးတလည်စိတ်ဝင်စားမှုသည် –နိုင်ငံတော်ကို မြေကြီးပေါ်တွင်တည်ထောင်မည့်နိုင်ငံတော်ကြီးအဖြစ်တွေးထင်ခဲ့ကြပြီး၊ သူတို့ကိုယ်တိုင်သည်လဲ ထိုနိုင်ငံတော်ထဲမှ တန်ခိုးထွားသောဂုဏ်အသရေရှိခေါင်းဆောင်ကြီးများအဖြစ်ပါဝင်ကြရလိမ့်မည်ဟု ရှုပါရုံထားနေကြသောကြောင့်ဖြစ်၏။ ဤအမှုအရာထဲမှသူတို့ကိုယ်ကျိုးအတွက် ဘာတွေအမြတ်ရနိုင်မလဲ ဆိုသည်ကိုတွေ့မြင်လိုကြ၏။

ကျွန်တော်တို့ကိုယ်တိုင်၏အသက်တာများထဲတွင်လဲ ဤကဲ့သို့ပင်မကြာခဏဖြစ်နေတတ်၏။ ကျွန်တော်တို့ ကောင်းကင်နိုင်ငံတော်ကိုရှာဖွေကြပြီး ထိုအထဲမှတနေရာစာကို ကိုယ်ကျိုးအတွက်မျှော်ကိုး၍လိုချင်တတ်ကြ၏။ ကျွန်တော်တို့အတွက်ဘယ်လိုအကျိုးအမြတ်တိုးပွားအောင်လုပ်ရမည်နည်း? ဤနိုင်ငံတော်တည်ထောင်မှုကြီးထဲတွင် ကျွန်တော်တို့ကိုယ်ပိုင်ရည်မှန်းချက်များ ဘယ်အတိုင်းအတာအထိ အထမြောက်နိုင်မည်နည်း? နိုင်ငံတော်အတွင်း ရာထူးတနေရာရရှိလာလျှင် ကျွန်တော်တို့အတွက်ဘာတွေရရှိနိုင်မည်နည်း? –စသည်တို့သည် ကျွန်တော်တို့အသက်တာထဲမှာ စိုးမိုးနေသောမေးခွန်းများဖြစ်ကြ၏။ ကောင်းကင်နိုင်ငံတော်ကို ဘုရားတရားရှိသေစွာရှာဖွေနေပါကြောင်း ကြွေးကြော်နေကြရင်းမှ ကျွန်တော်တို့ကိုယ်ပိုင်တပ်မက်မှုများကို ကျေနပ်ခံစားနိုင်ဖို့ကြိုးစားနေတတ်ကြသည်။ ဤသို့ဖြင့် ကျွန်တော်တို့မျှော်လင့်ထားသောအကျိုးအမြတ်များ လက်တွေ့ဖြစ်မလာနိုင်ကြောင်း ခါးသည်းစွာအမြင်မှန်ရလာကြသောအခါတွင် ကျွန်တော်တို့ကိုယ်ကိုယ် ထိုနိုင်ငံတော်ကြီးထဲမှနှုတ်ထွက်လိုစိတ်ဖြင့် သွေးဆောင်ဖြားယောင်းခြင်းခံကြရတော့၏။

ကျွန်တော်တို့ ဤသို့ကြံရွယ်မိတတ်ကြခြင်းမှာ ထိုနိုင်ငံတော်၏ဝိညာဉ်ရေးရာရတနာသိုက်၏ ကြွယ်ဝချမ်းသာမှုကို ကျွန်တော်တို့လျှော့တွက်မိကြသောကြောင့်သာဖြစ်၏။ ကျွန်တော်တို့၏သေစေနိုင်သောဇာတိတပ်မက်ခြင်း၊နှင့် ဇာတိဂုဏ်မောက်ခြင်းတို့ကို ဆန့်ကျင်တိုက်လှန်ကြရန် ပျက်ကွက်ကြသောကြောင့်ဖြစ်၏။ ထိုသို့ဖြင့်ကျွန်တော်တို့သည် ရုပ်ဝတ္ထုပစ္စည်းအဓိကဝါဒနှင့် လောကီစည်းစိမ်အဓိကဝါဒ ဒီရေလှိုင်းများ၏ သယ်ဆောင်မှုနောက်သို့ ခုခံနိုင်စွမ်းမဲ့စွာ မျောပါသွားကြတော့၏။

ကျွန်တော်တို့၏ ရုပ်ဝါဒအပေါ် အလွန်အကျွံစွဲလမ်းခြင်း၏ရလဒ်အဖြစ် ကောင်းကင်နိုင်ငံတော်၏တန်ဖိုးသည် မတရားကြီးမြင့်လွန်းပါသည်ဟု ချက်ချင်းထင်မြင်သွားစေတော့၏။

ကောင်းကင်နိုင်ငံတော်သည် ကျွန်တော်တို့အားအပြည့်အဝစွန့်လျှူပူဇော်ခြင်းလုပ်ဖို့တောင်းဆိုနေပါ၏။ သခင်ယေရှုက လယ်သမားနှင့်ကုန်သည်ကြီး(၂)ဦးစလုံးတို့သည် ရတနာသိုက်ကိုဝယ်ယူနိုင်ဖို့အတွက် သူတို့ဆီမှာရှိသမျှကို ရောင်းပစ်လိုက်ကြကြောင်းသွန်သင်ပေးထား၏။ ကုန်သည်ကြီးသည် အလွန်ကြွယ်ဝချမ်းသာပြီး ပုလဲရတနာများစွာကိုပိုင်ဆိုင်ထားချိန်တွင် လယ်သမားမှာတော့ပိုင်ဆိုင်မှုသိပ်မရှိလှပါ။ သို့သော် အဓိကအချက်မှာ သူတို့ဘယ်လောက်ချမ်းသာသလဲ ဆိုတာမဟုတ်ဘဲ၊ သူတို့ဆီမှာပိုင်ဆိုင်သမျှအကုန်လုံးရောင်းချပစ်လိုက်ကြခြင်းအကြောင်းသာဖြစ်၏။ ထိုက်သင့်သောတန်ဖိုးမှာ အရာခပ်သိမ်းပင်ဖြစ်၏။ ဈေးနှုန်းမှာ သူတို့ပိုင်သမျှအားလုံးဖြစ်၏။

သေဒဏ်ကျခံရသူ ရာဇဝတ်သားများကို အမှုလိုက်ပေးသောရှေ့နေတဦးအကြောင်းဖတ်ခဲ့ဖူးသည်ကို ပြန်သတိရမိပါသည်။ သူ၏အမှုလိုက်ခမှာလဲ ဤအတိုင်းပင်ဖြစ်၏။ သူ့အားအမှုလိုက်ခ မည်မျှကျသင့်မည်နည်းဟု မေးသူတိုင်းကို သူကအပြောင်းအလဲမရှိ ––မင်းဆီမှာရှိသမျှအားလုံး!––ဟုပြန်ဖြေလေ့ရှိ၏။ ထိတ်လန့်တုန်လှုပ်သွားသောအမှုသည်က စောဒကတက်ဖို့ဟန်ပြင်သည့်အခါတွင် သူက ––တကယ်လို့ မင့်အပြစ်ကြောင့် သေဒဏ်စီရင်ခံရတယ်ဆိုရင် မင်းဆီမှာရှိသမျှအားလုံးဟာ မင့်အတွက်ဘာမှမဟုတ်တော့ဘူးကွဲ့။ တကယ်လို့သာ ငါကမင့်အသက်ကို သေဒဏ်ကလွတ်အောင်ကယ်ပေးနိုင်မယ်ဆိုရင်၊ မင့်အသက်အတွက်မင်းဘာမဆိုပေးမှာဘဲမဟုတ်လား? –ဟူ၍ပြောလိုက်လေ့ရှိ သည်။ ထို့အတူ နိုင်ငံတော်၏ရတနာသိုက်အတွက်သတ်မှတ်တန်ဖိုးမှာ––အလုံးစုံ–– ဖြစ်ပါ၏။

အသင်းတော်တခု၏အသင်းသားတယောက်ကို လက်ထပ်ထားသောအမျိုးသမီးတဦးက သူမ ထိုအသင်းတော်၌အသင်းမဝင်ရခြင်းအကြောင်းကို ဤသို့အကြောင်းပြလေ့ရှိ၏ ––ပေးရတဲ့တန်ဖိုးက သိပ်များလွန်းလို့ပါရှင်!–– သူမစကား မှန်ကန်လှပါ၏။ သခင်ယေရှုက ကျွန်တော်တို့ကို တန်ဖိုးတွက်ချက်ကြဖို့ဆုံးမနေ၏။ ကောင်းကင်နိုင်ငံတော်၏ကြီးမြတ်သောတန်ဖိုးကို အခြားအရာခပ်သိမ်းနှင့်နှိုင်းယှဉ်ပြီးသွားသောအခါကျမှသာလျှင် ဤအရာအတွက်ဘယ်လောက်ဘဲပေးရပေးရ အရမ်းများသည်ဟူ၍မရှိနိုင်ကြောင်း ကျွန်တော်တို့သိနိုင်ကြပါမည်။

ပုံဥပမာအသီးသီးမှလူများသည် သူတို့ပေးရမည့်တန်ဖိုးကိုများလွန်းသည်ဟု မထင်မှတ်ခဲ့ကြကြောင်းကို သတိပြုကြရမည်။ လယ်သမားသည် စိတ်နှလုံးထဲ၌ပျော်ရွှင်မှုအပြည့်ဖြင့်ပြန်သွား၍ သူပိုင်ဆိုင်သမျှအရာအားလုံးကို ရောင်းပစ်လိုက်သည်။ ကုန်သည်ကြီးဖက်ကိုကြည့်လိုက်ပြန်လျှင်လဲ ပေးရမည့်တန်ဖိုးနှင့်ပတ်သက်၍ တုံ့ဆိုင်းဆိုင်း

လုပ်ခြင်း၊ ဟိုလှဲ့ချဒီလှဲ့ချလုပ်ခြင်းမတွေ့ရပါ။ သူသည်အဖိုးထိုက်တန်၍ကြီးမြတ်သော အတုမဲ့ပုလဲရတနာကို တွေ့ခဲ့သည်။ ထိုပုလဲ၏ဈေးနှုန်းသည် မများလွန်းကြောင်းကိုလဲသိခဲ့သည်။ သူလိုချင်တောင့်တနေသောအရာကို ပိုင်ဆိုင်နိုင်ဖို့အတွက် စိတ်အားထက်သန်စွာ၊ ဝမ်းမြောက်စွာ တန်ရာတန်ကြေးပေးဆောင်လိုက်သည်။ သခင်ဘုရားက –ထိုသူ(၂)ဦးစလုံးသည် အလုံးစုံစွန့်လွှတ်ပူဇော်လိုက်ခြင်းအားဖြင့် ရတနာအသီးသီးကိုပိုင်ဆိုင်ခွင့်ရရှိခဲ့ကြကြောင်း အလေးအနက် ပြောပြထားပါသည်။ သူတို့နှလုံးသားကို ထိုရတနာများအပေါ်တွင်တွယ်ကပ်ထားလိုက်ကြပြီး၊ သူတို့ ပိုင်ဆိုင်သမျှအားလုံးကို ရောင်းချပစ်လိုက်ကြပြီး၊ ရတနာကိုရရှိရန်ကြိုးပမ်းမှု၏နောက်ဆုံးအဆင့်တွင်မှ သူတို့ရည်ရွယ်ချက်အထမမြောက်၍ စိတ်ပျက်လက်ပျက်ဖြစ်သွားရသည်ဆိုတာမျိုးမဟုတ်ပါ။ ထိုသို့မဟုတ်ဘဲ အလုံးစုံ စွန့်လွှတ်ပူဇော်လိုက်ခြင်း က ထိုရတနာများသည် သူတို့ပိုင်သောအရာဖြစ်သွားကြောင်းကို အာမခံပေးနေပါ၏။

ကောင်းကင်နိုင်ငံတော်တွင်လဲ ထို့နည်းတူပင်ဖြစ်၏။ ဤအရာသည် ကောင်းကင်နိုင်ငံတော်၏ လျှို့ဝှက်နက်နဲမှု၊ (ကံကြမ္မာလှည့်ကွက်ဟု ခေါ်လိုကခေါ်နိုင်သောအရာ) ပင်ဖြစ်၏။ အလုံးစုံဆုံးရှုံးခြင်းက တုနှိုင်း၍မမှီသောကြွယ်ဝချမ်းသာမှုကိုယူဆောင်လာပါ၏။ မိမိအသက်ကို ကယ်တင်လိုသောသူသည် သေချာပေါက်အသက်ဆုံးရလိမ့်မည်။ သို့သော် မိမိအသက်ကိုဆုံးရှုံးသောသူသည် အသက်ကိုတွေ့ရလိမ့်မည်။ ဘုရင်တကာတို့၏ဘုရင်ဖြစ်လတ့ံသောသူသည် အရင်ဦးဆုံးအစေခံဖြစ်ရလိမ့်မည်။ မှန်လှပါ၏၊ အကယ်၍ သူသည်အစေခံမဖြစ်ခဲ့လျှင် ဘယ်တော့မှ ဘုရင်ဖြစ်မလာနိုင်ပါ။ ကမ္ဘာကြီးကိုပိုင်ဆိုင်လိမ့်မည့်သူသည် ကမ္ဘာကြီးကိုစွန့်လွှတ်ရမည်။ အဘယ့်ကြောင့်ဆိုသော် ကမ္ဘာကြီးကိုမစွန့်လွှတ်ဘဲနှင့် ကမ္ဘာကြီးကို ဘယ်လိုလုပ်ပိုင်ဆိုင်နိုင်ပါမည်နည်း? ထောင်လွှားမောက်မာသောသူသည် နှိမ့်ချခြင်းနှင့်နိမ့်ရာသို့ချခြင်းခံရမည့်သူဖြစ်၍၊ စိတ်နှိမ့်ချသောသူသည် ချီးမြှောက်ခြင်းခံရမည့်သူဖြစ်၏။ နိုင်ငံတော် ၏ရတနာများကို ပိုင်ဆိုင်နိုင်ဖို့အတွက် ရှိသမျှကိုစွန့်လှူပူဇော်ဖို့ မဖြစ်မနေလိုအပ်ပါ၏။ ထို့အတူ ဤနည်းလမ်းတခု တည်းသာလျှင် ရတနာများကိုပိုင်ဆိုင်နိုင်သည့်နည်းလမ်းဖြစ်၏။

ကျွန်တော်တို့သည် ရှိသမျှအားလုံးကိုစွန့်လှူပူဇော်လိုက်သောကြောင့် နိုင်ငံတော်၏ရတနာများနှင့်ထိုက်တန်သွားခြင်းမဟုတ်ပါ။ဘုရားသခင်ကသူ၏လူများအတွက် သိုမှီးထားသောရတနာများကို ကျွန်တော်တို့ရရှိလိုက်သည်မှာ ကျွန်တော်တို့၏လုပ်ဆောင်ချက်ကြောင့်မဟုတ်ပါ။ ကျွန်တော်တို့၏ လက်များဖြင့်လုပ်ကိုင်လိုက်သောအလုပ်များက ကျွန်တော်တို့၏ အပြစ်ထင်ရှားသောဝိညာဉ်များကို ကယ်တင်နိုင်လိမ့်မည်မဟုတ်ပါ။ အမှန်စင်စစ် ကျွန်တော်တို့သည် ဘုရားသခင့်နိုင်ငံတော်၏ရတနာများ၏တန်ဖိုးကို သတိမပြုမိနိုင်သေးခင်ကပင် ထိုနိုင်ငံ၏တစိတ်တပိုင်းဖြစ်နေခဲ့ကြပြီးဖြစ်၏။ အခြေခံဥပဒေသမှာ –ကျွန်တော်တို့ပိုင်သောအရာအားလုံး၊ ကျွန်တော်တို့ဖြစ်တည်မှုအားလုံး၊ ကျွန်တော်တို့ဘုရားခင်ထံမှရရှိသောအရာအားလုံး –ကို (ဘုရားသခင်၏အမှုတော်နှင့်ပဋိညာဉ်တရားတော် ရှင်သန်နိုင်ဖို့အတွက် ရည်ရွယ်ပြီး) ဘုရားသခင်၏အမှုတော်ဆောင်နိုင်ရန် အပြည့်အဝနှင့် လုံးဝဥဿုံဆက်ကပ်ကြရမည်ဖြစ် ၏။ ဤသို့လုပ်ဆောင်ခြင်းလမ်းပေါ်မှာဝင်ရောက်လာသောအရာမှန်သမျှကို ချက်ချင်းသုတ်သင်ပစ်ကြရမည်။ အကယ်၍ ကျွန်တော်တို့မျက်လုံးများက ကျွန်တော်တို့ကိုဆန့်ကျင်တိုက်လှန်နေလျှင်ကော်ထုတ်ပစ်လိုက်ရမည်။ အဘယ့်ကြောင့်ဆိုသော် မျက်လုံးတစုံလုံးအကောင်းပကတိနှင့် ထာဝရငရဲထဲသို့ပစ်ချခြင်းခံရသည်ထက် မျက်လုံးတဖက်ကန်းနှင့်ဘုန်းတော်ဝင်စားခြင်းက သာ၍ကောင်းသည်မဟုတ်လော! (မဿဲ ၁၈း၉)။ သခင်ယေရှု၏နောက်တော်လိုက်သည်ဆိုခြင်းက ကျွန်တော်တို့သည် ကောင်းကင်ရတနာများကိုအရယူနိုင်ဖို့အရေး လိုအပ်လာလျှင် –လင်သား နှင့် ဇနီးမယား၊ မိဘ နှင့်သားသမီး၊ တို့ကိုပင်စွန့်လွှတ်ကြရလိမ့်မည်၊ အဘယ်ကြောင့်ဆိုသော် ကောင်းကင်နိုင်ငံတော်၏တန်ဖိုးတောင်းဆိုချက်သည် လုံးဝဥဿုံနှင့်အပြည့်အစုံစွန့်လွှတ်ခြင်း ဖြစ်သောကြောင့်ပင်တည်း (မဿဲ ၁၀း၃၇)။

ကျွန်တော်တို့ချမ်းသာကြွယ်ဝပြီး ဤကမ္ဘာကြီး၏ပစ္စည်းဥစ္စာများစွာပိုင်ဆိုင်နေကြပါသလား? အကယ်၍ ဤအရာများက လမ်းပိတ်ထားပါလျှင် ကျွန်တော်တို့ပိုင်ဆိုင်သမျှအရာများကိုရောင်းချ၍ ဆင်းရဲသားများကိုဝေငှပေးသင့်ပါ၏။ ထိုသို့အားဖြင့် ကောင်းကင်နိုင်ငံမှာဘဏ္ဍာစုဆောင်းနိုင်ကြမည် မဟုတ်ပါလား။ ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ရှာဖွေ၍ ကိုယ်စိတ်ဝင်စားရာကိုသာ တိုးတက်လာဖို့ရှာကြံနေကြပါသလား? စစ်မှန်သောတပည့်တော်ဖြစ်ခြင်း၏မှတ်ကျောက်မှာ––သင့်ကိုယ်သင်ငြင်းပယ်၊ သင့်လက်ဝါးကပ်တိုင်ကိုသင်ထမ်း၍ သခင်ယေရှုနောက်ကိုလိုက်ခြင်း––ဖြစ်၏။ ကျွန်တော်တို့၏အလုပ်၊ ကျွန်တော်တို့၏ကြွယ်ဝမှု၊ ကျွန်တော်တို့၏အိုးအိမ်၊ သို့မဟုတ်ကျွန်တော်တို့၏ နေ့စဉ်အစားအသောက် –တို့ကို ကျွန်တော်တို့၏သစ္စာရှိမှု၏ဆုလာဘ်အဖြစ်တောင်းဆိုချင်နေပါသလား? ဘုရားသခင်၏ နိုင်ငံတော်နှင့်ဖြောင့်မတ်ခြင်းတရားတို့ကို ရှေးဦးစွာရှာလိုက်စမ်းပါ၊ ထို့နောက်တွင် ဤအရာအားလုံးကိုသင့်ထံသို့ ထပ်ပေါင်းထည့်ပေးပါလိမ့်မည်။

ဤရတနာသိုက်ကိုပိုင်ဆိုင်နိုင်ဖို့အရေး လူဖြစ်ရခြင်း၏အဆုံးစွန်တန်ဖိုးအထိပေးဆပ်ရမည်လော? ဒါကိုသတိရပါ –မိမိအသက်ကိုပိုင်ဆိုင်လိုသူသည် ပထမဆုံးထိုအသက်ကိုစွန့်လွှတ်ရမည်။ ဘုရားသခင်၏လူတို့ရရှိသော ဆုလာဘ်များကိုရရှိနိုင်ဖို့အရေး သေဘေးကြုံသည့်တိုင်အောင် သူတို့၏အသက်ကိုမနှမြောဘဲစွန့်လွှတ်သူများရှိခဲ့ပါ၏။ ဓမ္မဟောင်းကာလမှ မောရှေသည် ယုံကြည်ခြင်းအားဖြင့်(––မောရှေသည်အသက်အရွယ်ကြီးသောအခါ အပြစ်ရှိသောကာမဂုဏ်ကိုခဏခံစားခြင်းထက်၊ ဘုရားသခင်၏လူတို့နှင့်အတူညှင်းဆဲခံရခြင်းကိုသာ၍အလိုရှိသဖြင့်၄င်း၊ အဲဂုတ္တုပြည်၏စည်းစိမ်ထက် ခရစ်တော်ကြောင့်ကဲ့ရဲ့ခြင်းဒုက္ခသည် သာ၍မြတ်သောစည်းစိမ်ဖြစ်သည်ကိုစိတ်ထင်သဖြင့်၄င်း၊ ယုံကြည်ခြင်းစိတ်ရှိ၍ ဖါရောဘုရင့်သမီးတော်၏သားဟူ၍ခေါ်ဝေါ်ခြင်းအခွင့်ကိုပယ်၏။ အကြောင်းမူကား၊ နောက် ရလတ့်သောအကျိုးကိုထောက်စာမြော်လင့်လျက်နေ၏––(ဟေဗြဲ ၁၁း၂၄–၂၆) ဟုမှတ်တမ်းတင်ထား၏။

ထိုခေတ်အခါက အခြားသောသန့်ရှင်းသူများလဲ ရှိနေပါ၏ (––ထိုသူတို့သည်ယုံကြည်ခြင်း အားဖြင့်အခြားသောတိုင်းနိုင်ငံကိုအောင်ခြင်း၊ တရားသဖြင့်စီရင်ခြင်း၊ ဂတိတော်ကိုဝင်စားခြင်း၊ ခြင်္သေ့နှုတ်ကိုပိတ်ခြင်း၊ မီးအရှိန်ကိုငြိမ်းစေခြင်း၊ ထားလက်နက်ဘေးနှင့်ကင်းလွတ်ခြင်း၊ အနာမှထမြောက်၍ကျန်းမာခြင်း၊ စစ်တိုက်သောအခါခွန်အားနှင့်ပြည့်စုံခြင်း၊ တပါးအမျိုးသားတို့၏တပ်များကိုဖျက်ဆီးခြင်း အမှုများကိုပြုကြ၏။ မိန်းမတို့သည်လည်း၊ သေခြင်းမှ ထမြောက်သော မိမိတို့သားကိုရပြန်ကြ၏။ အချို့သောသူတို့သည်၊ သာ၍မြတ်သောထမြောက်ခြင်းသို့ရောက်လိုသော၄ါ၊ လွှတ်ခြင်းကိုမခံမယူဘဲပြင်းစွာသောညှဉ်းဆဲခြင်းကိုခံကြ၏။ အချို့သောသူတို့သည် ကဲ့ရဲ့ရိုက်ပုတ်ခြင်း၊ ချည်နှောင်ခြင်းကိုခံ၍ ထောင်ထဲမှာနေရသဖြင့်၊ စုံစမ်းခြင်းကိုခံရကြ၏။ ကျောက်ခဲနှင့်ပစ်ခြင်း၊ လွှနှင့်အပိုင်းပိုင်းတိုက်ဖြတ်ခြင်း၊ စုံစမ်းနှောက်ယှက်ခြင်း၊ ထားလက်နက်နှင့်ကွပ်မျက်ခြင်း–ကိုခံရကြ၏။ အလွန်ဆင်းရဲလျက် ညှဉ်းဆဲနှိပ်စက်ခြင်းကိုခံလျက်၊ သိုးရေ၊ ဆိတ်ရေ၊ ကိုဝတ်၍လှည့်လည်ရကြ၏။ ဤလောကသည်သူတို့နှင့်မထိုက်မတန်။ သူတို့သည် တောကြိုတောင်ကြား၊ ဥမင်မြေတွင်းထဲမှာ အပြောင်းပြောင်းအလည်လည်နေရကြ၏။ ထိုသူအပေါင်းတို့သည် ယုံကြည်ခြင်းအားဖြင့်ချီးမွမ်းခြင်းသို့ရောက်သော်လည်း၊ ဂတိတော်အတိုင်းအကျိုးကျေးဇူးကိုမခံရကြ။ အဘယ့်ကြောင့်နည်းဟူမူကား၊ ထိုသူတို့သည် ငါတို့မပါဘဲ စုံလင်ခြင်းသို့မရောက်ရမည်အကြောင်း၊ ဘုရားသခင်သည် ငါတို့အဘို့အ လို့ငှါ သာ၍မြတ်သောကျေးဇူးကိုကြံစည်တော်မူ၏––(ဟေဗြဲ ၁၁း၃၃–၄၀)။

တမန်တော်ရှင်ပေါလုကိုယ်တိုင်ကလဲ (––သို့သော်လဲ ငါ၏အကျိုးစီးပွားကိုပြုစုသောအရာရှိသမျှတို့ကို ရှုံးစေသောအရာကဲ့သို့ ခရစ်တော်ကြောင့်ငါထင်မှတ်၏။ ထိုမျှမက ငါ၏သခင်ယေရှုခရစ်ကိုသိသောပညာသည် အဘယ်မျှလောက်မြတ်သည်ကိုထောက်၍၊ ခပ်သိမ်းသောအရာတို့ကိုရှုံးစေသောအရာကဲ့သို့ ငါထင်မှတ်၏––(ဖိလိပ္ပိ ၃း၇–၉)–ဟုပြောပြခဲ့ပါ၏။

## ပိုင်ဆိုင်ခွင့်ရသော ရတနာသိုက်

နိုင်ငံတော်၏တောင်းဆိုချက်များသည် မည်မျှလောက်ပြည့်ဝစုံလင်ပါသနည်း! ဤနည်းလမ်းအားဖြင့်ပိုင်ဆိုင်ခွင့်ရရှိသော ရတနာသိုက်သည် မည်မျှဘုန်းတန်ခိုးကြွယ်ဝပါသနည်း! တောင်းဆိုချက်မှာ–လူတယောက်ပိုင်ဆိုင်သမျှအရာအားလုံးဖြစ်၏။ နဲနဲလောက်တောင်လျှော့လို့မဖြစ်ပါ။ သို့သော် ဤသို့သောစွန့်လွှတ်ပူဇော်ခြင်းလမ်းစဉ်အား ဖြင့် ထာဝရနိုင်ငံတော်၏ ထာဝရကြွယ်ဝချမ်းသာမှုများသည် ကျွန်တော်တို့ပိုင်ဆိုင်သောအရာဖြစ်လာပါ၏။

ဤအရာသည် ခေါ်တော်မူခြင်းစစ်စစ်ဖြစ်သလို၊ ဘုန်းတန်ခိုးကြွယ်ဝလှသောအခွင့်ထူးကြီးတရပ်လဲဖြစ်၏။ နိုင်ငံတော်အတွက် အရာခပ်သိမ်းကိုစွန့်လွှတ်ပူဇော်ဖို့အရေး ချီတုံချတုံဖြစ်ခြင်း၊ တိုက်တွန်းပေးရန်လိုခြင်း –စသည်တို့လုံးဝမလိုအပ်ပါ။ ထိုသို့ဖြစ်ရမည့်အစား လူတယောက်သည်ထိုရတနာကိုပိုင်ဆိုင်နိုင်ဖို့အရေး သူ့ဆီမှာရှိသမျှအားလုံးကို ပျော်ပျော်ကြီးရောင်းချပစ်ရပါမည်။ ဤသို့ဆိုရာတွင် (သန့်ရှင်းသော)မဖြစ်မနေလုပ်ဆောင်ခြင်းသဘောသည် အတွင်းမှလာရမည် ဟုဆိုလိုပါ၏။ ဤသို့လုပ်ဆောင်ခြင်းသည် ကျေးဇူးတော်နှင့်ခရစ်တော်၏ဝိညာဉ်တော်၏ အသီးအပွင့် မှလာခြင်းဖြစ်ရမည်။ ရတနာသိုက်ကိုပိုင်ဆိုင်နိုင်ဖို့အရေး အရာခပ်သိမ်းကိုစွန့်လွှတ်ပူဇော်နိုင်ဖို့အတွက် ကျွန်တော်တို့အထဲမှတိုက်တွန်းနှိုးဆော်ပေးနိုင်သည်မှာ ကယ်တင်ခြင်း၏တန်ခိုးတော်တခုထဲသာဖြစ်၏။ ကျွန်တော်တို့၏ ပျော်ရွှင်ခြင်းသည် (ဘုရားသခင်၏အမှုတော်မြတ်တစိတ်တပိုင်းအဖြစ်) ကျွန်တော်တို့ထံမှာရှိသမျှကိုစွန့်လှူပူဇော်နိုင်ခွင့်ရရှိခြင်းသည် ထူးမြတ်လှသောအခွင့်အရေးပါတကားဟု ကောင်းစွာသိနားလည်မှုရှိခြင်း–မှနေ၍စီးဆင်းလာပါ ၏။

အလွန်တရာမှကြီးမြတ်လှသောရတနာသိုက်တခုသည်ရှိသမျှကိုစွန့်လွှတ်ပစ်ရန်အသေအချာကိုထိုက်တန်ပါ၏။

(The Mysteries of the Kingdom, Rev. Herman Hanko ၏စာအုပ်ထဲမှ ဘာသာပြန်ပါသည်။)

========================================================

## ဗျာဒိတ်ကျမ်းကိုဖွင့်ဟကြည့်ခြင်း (၂၂)

ရ။၁၃ – ၉။၁–၁၁

ရ။၁၃ – ထိုအခါ ငါကြည့်လျှင်၊ ရွှေလင်းတ(ရွှေလင်းယုန်)တကောင်က၊ ကြွင်းသေးသော ကောင်းကင်တ မန်သုံးပါး
မှုတ်လုလတံ့သော တံပိုးသံကြောင့် မြေကြီးသားတို့သည် အမင်္ဂလာ၊ အမင်္ဂလာ၊ အမင်္ဂလာ ရှိ ကြ၏ဟု
ကောင်းကင်အလယ်၌ ပျံ၍ ကြီးသောအသံနှင့် ဆိုသည်ကို ငါကြား၏။
၉။၁ – ပဉ္စမကောင်းကင်တမန်သည် တံပိုးမှုတ်သောအခါ၊ ကြယ်တလုံးသည် ကောင်းကင်က
မြေကြီးပေါ်သို့ကျသည်ကို ငါမြင်၏။ သူ၌ အနက်ဆုံး သော(နောက်ပိတ်မရှိသော)တွင်း၏သော့ကို
အပ်ပေးသည်ဖြစ်၍၊ ၂ – သူသည် အနက်ဆုံးသောတွင်းကိုဖွင့်လျှင်၊ ကြီးစွာသောမီးဖို၏ အခိုးကဲ့သို့သော အခိုးသည်
တွင်းထဲကတက်လေ၏။ ထိုတွင်း၏မီးခိုးကြောင့် နေနှင့်အာကာသကောင်းကင်သည် မှောင်မိုက်လေ၏။ ၃ –
ကျိုင်းကောင်တို့သည် မီးခိုးထဲ က မြေကြီးပေါ်သို့ထွက်၍၊ မြေကင်းမီးကောက်တန်ခိုးကဲ့သို့သောတန်ခိုးကို ရကြ၏။ ၄
– မြေ၏မြက်ပင်မှစ၍ စိမ်းသောအရာများ၊ သစ်ပင်များအ ပေါင်းတို့ကို ထား၍(မထိခိုက်ရ)၊ နဖူး၌ ဘု ရားသခင်၏
တံဆိပ်ခတ်ခြင်းကို မခံသောလူတို့ကိုသာ ညှဉ်းဆဲမည်အကြောင်း သူတို့အား ပညတ်(အမိန့် ပေး)ထား၏။ ၅ –
တံဆိတ်ခတ်ခြင်းကို မခံသောသူတို့ကိုကား သတ်ရသောအခွင့်မရှိ(ပေးမထား)။ ငါးလပတ်လုံး ပြင်းစွာသောဝေဒနာ
ဖြစ်စေသော အခွင့်ရှိ၏(ပေးထား၏)။ ထိုကျိုင်းကောင်ဖြစ်စေသော ဝေဒနာသည်ကား ကင်းမီးကောက်သည်
လူကိုထိုးသော ဝေဒနာကဲ့သို့ဖြစ်သတည်း။ ၆ – ထိုနေ့ ရက်ကာလ၌ လူတို့သည် သေခြင်းကို ရှာကြလိမ့်မည်။
ရှာသော်လည်း မတွေ့ရကြ။ အလွန်သေချင်သော်လည်း သေမင်းသည် သူတို့ထံမှ ပြေးသွားလိမ့် မည်။ ၇ –
ထိုကျိုင်းကောင်တို့၏အဆင်းသဏ္ဍာန်သည်သည် စစ်တိုက်ခြင်းငှာ ပြင်ဆင်သော မြင်း၏အဆင်းသဏ္ဍာန်နှင့်တူ၏။
ခေါင်းပေါ်မှာ ရွှေသရ ဖူ(ကဲ့သို့သောအရာ)ကိုဆောင်းဟန်ရှိ၏။ မျက်နှာသည် လူမျက်နှာကဲ့သို့ဖြစ်၏။ ၈ –
ဆံပင်(ခေါင်းမှအမွေးများ)သည် မိန်းမဆံပင်ကဲ့သို့ဖြစ်၏။ သွား သည်လည်း ခြင်္သေ့သွားကဲ့သို့ဖြစ်၏။ ၉ –
ရင်အုပ်တန်ဆာသည် သံရင်အုပ်တန်ဆာကဲ့သို့ဖြစ်၏။ အတောင်ခတ်သောအသံသည် စစ်တိုက်၍ ပြေးလာ သော
မြင်းရထားအများ၏ အသံကဲ့သို့ဖြစ်၏။ ၁၀ – အမြီးသည် ကင်းမီးကောက်နှင့်တူ၏။ အမြီး၌လည်း ဆူးရှိ၏။ လူတို့ကို
ငါးလပတ်လုံး ညှဉ်းဆဲ ရသော အခွင့်တန်ခိုးရှိ၏။ ၁၁ – သူတို့၏ရှင်ဘုရင်မူကား ဟေဗြဲဘာသာအားဖြင့် အဗဒ္ဒုန်
ဟူ၍၄င်း၊ ဟေလသဘာသာစကားအားဖြင့် အပေါလျှုန် (အပေါလီယွန်)ဟူ၍၄င်း ခေါ်ဝေါ်သော
အနက်ဆုံးသောတွင်း(၏ကောင်းကင်)တ မန် ဖြစ်၏။

### တွင်းနက်ကြီးထဲမှတက်လာသောကျိုင်းကောင်များ

၁။ ရ။၁၃ သည် နောက်ဆုံးတံပိုးခရာသုံးခုကို နိဒါန်းပျိုးပေးသောကျမ်းပိုဒ်ဖြစ်၍ အခန်းကြီး(၉)၏အစဖြစ်ပါသည်။ ယောဟန်က ကောင်းကင်တမန်တပါးကိုတွေ့ပါသည်၊ ထိုကောင်းကင်တမန်သည် ကပ်ဘေးကြီးများကို ကျရောက်စေမည့်သူဖြစ်သည်။ သူသည် ကောင်းကင်အလယ်ဝယ်ပျံသန်းလျှက် လောကသားအားလုံးက သူ့အသံကိုကြားရန် ဟစ်ကြွေးနေပါသည်၊ အမင်္ဂလာရှိသည်ဟု သုံးကြိမ်အော်လျှက် မကြားရသူမရှိလေအောင်ပြုသည်။ သုံးကြိမ်တိတိ ပြောရခြင်းမှာ ကြောက်မက်ဖွယ်ကောင်းခြင်း၊ ပြင်းထန်မည်ဖြစ်ခြင်းတို့ကို ပေါ်လွင်ရန်ဖြစ်သည်။

၂။ ယောဟန်သည် ကောင်းကင်မှ ကြယ်တလုံးပြုတ်ကျသည်ကို ဆက်၍တွေ့ပါသည်။ တကယ့်ကြယ်တော့မဟုတ်ပါ၊ သက်ရှိတဦးဖြစ်သည်၊ ငါဟု ပြောနိုင်သောသူတဦးဖြစ်သည်(personal being)။ သူသည် အပြစ်ထဲ ကျဆုံးပြီးဖြစ်သည်။ နောက်ပိတ်မရှိသောတွင်းနက်ကြီး၏သော့ကို သူ့ထံ အပ်ထားသည်။ သူသည် တွင်းကို ဖွင့်ပစ်လိုက်ပါသည်။ ထို့ကြောင့် ထိုပုဂ္ဂိုလ်သည် စာတန်ဖြစ်သည်။ သူသည် သခင်ခရစ်တော်ထံမှ သော့ဟုတင်စားသော ထိုတွင်းကို ဖွင့်နိုင်သည့်အခွင့်ကို ရရှိသည်။ ထိုတွင်းနက်ကြီးဆိုသည်မှာလည်း နိမိတ်ပုံဖြစ်သည်၊ ဆိုးညစ်သောကောင်းကင်တမန်များကို ချုပ်ထားသောနေရာကိုဆိုလိုသည်။ ထိုတွင်းနက်ကြီးကိုဖွင့်လိုက်သောအခါ၊ မဲမှောင်သောမီးခိုးများတက်လာသည်၊ အမိုက်မှောင်၊ ပျက်စီးယိုယွင်းခြင်း၊ ဆိုးညစ်ယုတ်ပတ်ခြင်းတို့ကို ဆိုလိုပါသည်။ ထိုမီးခိုးထဲမှ ကျိုင်းကောင်များ ထွက်လာခြင်းဖြစ်သည်။ သူတို့သည် မှောင်မိုက်သောထောင် နတ်ဆိုးများထံမှ ထွက်လာခြင်းဖြစ်သည်။

၃။ ထိုကျိုင်းကောင်တို့၏တန်ခိုးကိုကြည့်ခြင်းဖြင့်၊ သာမန်ကျိုင်းကောင်များမဟုတ်ကြောင်းသိသာပါသည်။ ၎င်းတို့၏အစွမ်းသည် မြေကြီးပေါ်ရှိကင်းမြီးကောက်နှင့်တူသည်ဟု ပြောသဖြင့် မြေကြီးပေါ်မှလာသူများမဟုတ်ကြပါ။ သာမန်ကျိုင်းကောင်များသည် အပင်များကိုသာ စားသောက်ဖျက်ဆီးကြသည်၊ ယခုကျိုင်းကောင်များမှာ အပင်များကို မထိကြ။ ထို့အပြင် ၎င်းတို့သည် ဘုရားတရားရှိသေကြသူများကိုလည်း မထိကြ၊ ဘုရားမဲ့တရားမဲ့နေကြသူ လူဆိုးများကိုသာ၊ ဤလောကသားများကိုသာ ထိခိုက်ကြသည်။ ထို့ကြောင့် ၎င်းတို့သည် လူများမဟုတ်ကြပါ၊ (အချို့က ကျိုင်းကောင်များဆိုသည်မှာ မယုံကြည်သူစစ်တပ်ကြီးများ၊ မူဆလင်များဟု အနက်ဖွင့်ကြသော်လည်း မမှန်ပါ)။ ဆိုးညစ်သောဩဝါဒ၊ မှားယွင်းသောသွန်သင်ခြင်းများလည်း မဟုတ်ပါ။ ထိုကျိုင်းကောင်များသည် လူသားမဟုတ်ကြောင်းကို ၎င်းတို့၏ လူ့အသက်ကို မသတ်နိုင်ခြင်းကလည်း ပြနေပါသည်။ သူတို့၏ ကင်းမြီးကောက်ကဲ့သို့သော အဆိပ်ဖြင့် အသေအလဲ နာကျင်စေနိုင်သည်၊ သို့သော် မသတ်နိုင်ပါ။ သူတို့အဆိပ်မိခြင်းခံရလျှင် မည်မျှအခံရခက်ကြောင်း၊ အဆိပ်မိခံရသူများက သေလျှင်ပိုကောင်းသည်ဟု ပြောကြခြင်းက ဖေါ်ပြနေပါသည်။ သို့သော် ထိုသူတို့ သေခြင်းကို မတွေ့ကြရပါ။ အဆိပ်သည် ငါးလတိတိ ဝေဒနာကိုခံစားစေသည်၊ ထိုငါးလဆိုသောကာလသည် ကျိုင်းကောင်တို့၏သက်တမ်းပြည့်ဖြစ်သည်။ ကျိုင်းကောင်သည် ငါးလသာ အသက်ရှင်ပါသည်။

၄။ ငယ် ၇ – ၁၀ အထိ ထိုကျိုင်းကောင်များ၏ပုံသဏ္ဍာန်ကိုဖေါ်ပြပါသည်။ ယေဘုယျအားဖြင့် တကယ့်ကျိုင်းကောင်၏ပုံစံဖြစ်သော်လည်း၊ ခြုံ၍ကြည့်လျှင် အခြားသောသတ္တဝါတခုခုကိုသာရည်ညွှန်းနေကြောင်းသိနိုင်ပါသည်။
၎င်းတို့သည် စစ်တိုက်ရန်မွေးထားသော မြင်းများနှင့်တူသည်၊ စစ်တိုက်ချင်သောစိတ်၊ အနိုင်ယူချင်သောစိတ်ကို ရည်ညွှန်းသည်။
၎င်းတို့၏ခေါင်းပေါ်တွင် သရဖူများဆောင်းထားကြသည်၊ ထင်ရှားချင်သောစိတ်၊ တန်ခိုးစွမ်းအင်ကိုရည်ညွှန်းသည်။
မျက်နှာသည် လူနှင့်တူသည်၊ လူကဲ့သို့သောအသိပညာမြင်မားခြင်း၊ ဉာဏ်ပညာရှိခြင်း၊ အတွေးအခေါ်ရှိခြင်းတို့ကို ဆိုလိုသည်။
သူတို့၏ဆံပင်သည် အမျိုးသမီးဆံပင်ကဲ့သို့ဖြစ်သည်၊ လောကတပ်မက်ခြင်းများ၊ အာရုံခံစားချင်မှုများကို ဆိုလိုပါသည်။
သူတို့၏သွားများသည် ခြင်္သေ့သွားများကဲ့သို့ဖြစ်သည်၊ အားလုံးကိုဝါးမြိုချင်မှု၊ လောဘ၊ အလိုရမက်ကြီးမှုတို့ကို ဆိုလိုသည်။
သူတို့သည် အလွန်ခွန်အားကြီးသော၊ ခုခံ၍မရသော တိုက်တိုင်းအောင်စစ်တပ်ကြီးနှင့်တူသည်၊ ထိုအချက်ကို သံရင်အုပ်ကာ၊ တနည်းပြောရလျှင် သံချပ်ကာဝတ်ဆင်ထားသကဲ့သို့ဖြစ်ခြင်းက ပြောနေပါသည်။
သူတို့အတောင်ပံခတ်သံများမှာ၊ မြင်းရထားအမြောက်အများ စစ်ပွဲသို့ အပြင်းချီတက်နေသံနှင့်တူသည်။
ထူးခြားသည်မှာ ၎င်းတို့သည် အမြီးနှင့်သာ ဒုက္ခပေးနိုင်ခြင်းဖြစ်သည်။ အမြီးထိပ်တွင် အဆိပ်ဆူးရှိကြသည်။ ထို့ကြောင့် ၎င်းတို့ပေးသောဒုက္ခသည်၊ ၎င်းတို့၏လွှမ်းမိုးခြင်းကို ခံရပြီးနောက်ပိုင်းမှသာ ပေါ်လာမည်ဖြစ်ခြင်းကို ပြောလိုခြင်းဖြစ်ပါသည်။

၅။ ထိုကျိုင်းကောင်များတွင် ဘုရင်ရှိနေပါသည်။ ထိုဘုရင်က သူတို့ကို စစ်ပွဲသို့ခေါ်သွားခြင်းဖြစ်သည်။ သူတို့ရှင်ဘုရင်သည် "အပိတ်မရှိသောတွင်းမှကောင်းကင်တမန်"ဖြစ်သည်။ သူ့နာမည်ကို ဟီဗရူးဘာသာဖြင့် "အဗဒုံ၊" ဂရိဘာသာဖြင့် "အပိုလီယွန်"ဟုခေါ်သည်၊ နှစ်ခုလုံး၏အဓိပ္ပါယ်မှာ ဖျက်ဆီးခြင်း(corruption)၊ ပျက်စီးခြင်း(destruction)ဖြစ်ပါသည်။

ထို့ကြောင့် ကျိုင်းကောင်အုပ်ကြီးသည် နတ်ဆိုးအုပ်ကြီးဖြစ်ပါသည်၊ ၎င်းတို့၏ဘုရင်သည် စာတန်မာရ်နတ်ကိုယ်တိုင်ဖြစ်သည်။ လက်ရှိချိန်တွင် မလွတ်သေးသူများကို ထပ်၍လွှတ်လိုက်ခြင်းဖြစ်သည်။ လူတို့၏တပ်မက်ခြင်းများကို အစွမ်းကုန်လိုက်စားနိုင်ရန် ထိုနတ်ဆိုးများကလုပ်ပေးကြပါမည်။ ပြီးသောအခါ ကြီးစွာသော ဝေဒနာခံစားရခြင်းကို ဖြစ်စေပါမည်။ ဘုရားသခင်က တပ်မက်လွန်သူများကို ထိုသို့ပြုပါသည်၊ ရောမ ၁း၂၄။

ဤကျမ်းပိုဒ်များအဆုံးတွင် အမင်္ဂလာတခုသာပြီးသေးသည်၊ နောက်ထပ်အမင်္ဂလာနှစ်ခုကျန်သေးသည်ဟု ပြောလျှက်အဆုံးသတ်ပါသည်။

++++++++++++++++++++++++

ဟေဗြဲ ၈း၁–၁၃ (ကျိန်းဘုရင်မှု)

၁ – ငါတို့ပြောပြီးခဲ့သမျှ၏အချုပ်မှာ၊ ငါတို့ထံ၌ ကောင်းကင်အထပ်ထပ်ရှိ တန်ခိုးတော်ရှင်၏ ပလ္လင်တော်လက်ျာဖက်တွင်ထိုင်ရသော ယဇ်ပုရောဟိတ် ရှိနေပါသည်။

၂ – သူသည် လူမဆောက်ဘဲ ဘုရားသခင်ဆောက်တော်မူသော စစ်မှန်သည့်တဲတော်၊ ဝတ်ပြုရာအရပ်တွင် အမှုတော်ဆောင်ရသူဖြစ်သည်။

၃ – ယဇ်ပုရောဟိတ်မင်းတိုင်းကို လက်ဆောင်များ၊ ပူဇော်သက္ကာများ ဆက်သရန် ခန့်အပ်ထားသည်ဖြစ်၍၊ ဤသူ့အတွက်လည်း ပူဇော်ရန်တစ္ခုခုသည် မဖြစ်မနေ ရှိရမည်သာဖြစ်သည်။

၄ – အကယ်၍သာ သူသည် ဤကမ္ဘာပေါ် တွင်ရှိနေခဲ့ပါလျှင် ယဇ်ပုရောဟိတ် ဖြစ်နိုင်မည် မဟုတ်ပါ၊ အဘယ်ကြောင့်ဆိုသော် ပညတ်တရားအတိုင်း ယဇ်ပူဇော်ကြသည့် ယဇ်ပုရောဟိတ် အများအပြားရှိနေပါသည်။

၅ – သူတို့သည် ကောင်းကင်ဘုံနှင့်ဆိုင်သောအရာများ၏ အရိပ်သဏ္ဍာန်၊ ဥပမာများနှင့်အညီ အမှုဆောင်ကြရသည်၊ တဲတော်ကိုတည်ဆောက်ခါနီး မောရှေကို ဘုရားသခင် က သတိပေးသလိုဖြစ်သည်၊ ဘုရားသခင်က ကြည့်ပါ၊ အားလုံးကို တောင်ပေါ်၌ သင့်ကိုပြခဲ့သည့်ပုံသဏ္ဍာန်အတိုင်း အတိအကျပြုပါဟု ပြောခဲ့ပါသည်။

၆ – သို့သော် ယခုတွင် သူသည် ပို၍မြင့်မြတ် သောအမှုတော်ကို ရရှိပြီဖြစ်သည်၊ ထို့အပြင် ပို၍ကောင်းသော ကတိတော်များဖြင့်တည်ထောင်သည့် ပို၍ ကောင်း သောပဋိညာဉ်၏ ကြားဝင်ဖြန်ဖြေပေးသူလည်း ဖြစ် သည်။

၇ – အကယ်၍သာ ပထမပဋိညာဉ်၌ အားနည်းချက်များ မရှိခဲ့ပါလျှင်၊ ဒုတိယပဋိညာဉ်ကို ရှာဖွေနေစရာ လိုမည်မထင်ပါ။

၈၊ ၉ – သူတို့ထံတွင် အမှားများကို ရှာတွေ့သည်အတိုင်း၊ ဘုရားသခင်က ပြောခဲ့သည်မှာ၊ ကြည့်ပါ၊ ငါသည် အစ္စရေးတို့နှင့်၄င်း၊ ယာကုပ်အိမ်နှင့်၄င်း အသစ်သောပဋိညာဉ်ကို ပြုရသည့်နေ့များ ရောက်လာဦးမည်၊ သူတို့၏ဘိုးဘေးများအား အီဂျစ်ပြည်မှ ငါကိုယ်တိုင် သူတို့လက်များကိုဆွဲလျက် ခေါ်ထုတ်ချိန်က သူတို့ထံပြုခဲ့သော ပဋိညာဉ်အတိုင်းမဟုတ်၊ အဘယ်ကြောင့်ဆိုသော် သူတို့သည် ငါ့ပဋိညာဉ်ထဲ၌ အမြဲမနေကြ၊ ထို့ကြောင့် သူတို့ကို ငါဂရုမစိုက်ဘဲနေသည်ဟု ဘုရားသခင်က ပြောပါသည်။

၁၀ – ဘုရားသခင်က ပြောသည်မှာ ထိုနေ့ရက် များနောက် အစ္စရေးတို့နှင့်ငါပြုမည့် ပဋိညာဉ်တရားသစ်သည် ဤသို့ဖြစ်မည်၊ ငါ၏ဥပဒေသများကို သူတို့စိတ်ထဲ တွင်ထားမည်၊ သူတို့နှလုံးသားများထဲတွင်ရေးမည်၊ သူတို့အတွက် ငါသည် သူတို့ဘုရားဖြစ်မည်၊ သူတို့သည် ငါ့အတွက် ငါ့လူများဖြစ်ကြမည်။

၁၁ – ထိုအချိန်တွင်မည် သူကမျှ မိမိအိမ်နီးချင်းကို သင်ပေးတော့မည်မဟုတ်၊ မည်သူကမျှ မိမိညီအကိုအား သခင်ဘုရားကိုသိလော့ဟု ပြောတော့မည်မဟုတ်၊ အဘယ်ကြောင့်ဆိုသော် အငယ်ဆုံးမှအကြီးဆုံးထိအောင် အားလုံးကို ငါ့ကို သိကြမည်ဖြစ်သည်။

၁၂ – အဘယ်ကြောင့်ဆိုသော် ငါသည် သူတို့၏မဖြောင့်မတ်ခြင်းကို သနားမည်ဖြစ်သည်၊ သူတို့၏ အပြစ်များနှင့် ဒုစရိုက်များကို ငါမေ့ပစ်မည်ဖြစ်သည်။

**၁၃ – ထိုအကြောင်းနှင့်ပတ်သက်၍ ဘုရားသခင်က ဆက်ပြောသည်၊ အသစ်သောပဋိညာဉ်ရောက်လာမည်၊ ပထမ ပဋိညာဉ်ကို အိုမင်းစေပြီဖြစ်သည်။ ယိုးယွင်းလျှက်၊ အိုမင်းနေပြီဖြစ်သောထိုပဋိညာဉ်သည် ပျောက်လွင့်သွားတော့ မည်ဖြစ်သည်။**